ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ
တတိယအစည်းအဝေးသို့ တင်သွင်းသော

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ
လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# နိုင်ငံရေးကဏ္ဍ

## မူဝါဒ အဆိုပြုစာတမ်း

၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၂) ရက်
(လောဘီးလာ)

## ၁။ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဆိုင်ရာ အခြေခံမူများ

တိုင်းရင်းသားလူနည်းစုများ ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း လူဦးရေအရ အနည်းငယ်သာ နေထိုင်သော တိုင်းရင်းသားလူမျိုး အသီးသီးကို ဆိုလိုသည်။

ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံသော အမျိုးသားများ ပြည်နယ် (ပြည်နယ်/တိုင်း) အတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုး လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

တိုင်းရင်းသားလူနည်းစုအခွင့်အရေး ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းများကို အောက်ပါအခြေခံမူများဖြင့် ဥပဒေ ပြဋ္ဌာန်းပေးရမည်။

**တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဆိုင်ရာ အခြေခံမူများ**

(က) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို ကျင့်သုံးသော ပြည်ထောင်စုတွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(ခ) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသား လူနည်းစုများ၏ လူဦးရေအနည်းအများ၊ နေထိုင်ရာဒေသ အကျယ်အဝန်း စသည်တို့ကို ထည့်သွင်းစဉ်းစား၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသား နယ်မြေများကို သတ်မှတ်ချက်နှင့်အညီ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသား နယ်မြေများ၏ လုပ်ပိုင်ခွင့်အာဏာ အဆင့်ဆင့်ကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ပြန့်ကျဲစွာနေထိုင်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းနိုင်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော တိုင်းရင်းသားလူနည်းစုများကို ပြည်နယ်အစိုးရအဆင့်ဆင့်တွင် ကိုယ်စားပြုနိုင်ရန် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးရမည်။

(င) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို ကျင့်သုံးသော ပြည်ထောင်စုတွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော ဌာနေတိုင်းရင်းသား လူနည်းစုများ၏ အမျိုးသာရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(စ) တိုင်းရင်းသားလူနည်းစုများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ လုပ်ကိုင်စားသောက် လာခဲ့ကြသော ဥယျာဉ်ခြံမြေများ၊ မြေယာများ၊ သစ်တောများ၊ စားကျက်မြေများ၊ မြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်ရေပြင်များ၊ ပိုင်နက်နယ်မြေများ၊ သဘာဝ သယံဇာတများနှင့်ပတ်သက်သော ဌာနေတိုင်းရင်းသားများ၏ မြေအသုံးချမှုများနှင့် စုပေါင်းရပိုင်ခွင့်များအား သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်း ပေးရမည်။

(ဆ) အစိုးရကျောင်းများ၏ ပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများသည် ဘာသာရေးကို အခြေမခံသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုသည့် သက်ဆိုင်ရာ တိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ လူမှုဘဝနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းရေးဆွဲရမည်။

(ဇ) ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ စွမ်းဆောင်နိုင်မှုအခြေအနေ နိမ့်ပါးခြင်း၊ နိမ့်ချဖယ်ကြဉ်ခြင်း ခံထားရသော တိုင်းရင်းသားလူနည်းစုများကို ပြည်နယ်ဥပဒေပြုလွှတ်တော်ကဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ ဥပဒေပြုပြဋ္ဌာန်း၍ အထူးစီမံဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်မှုမြှင့်တင်ခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

(ဈ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်) ကို ပြဋ္ဌာန်းကျင့်သုံးနေသကဲ့သို့ ကုလသမဂ္ဂ၏ ဌာနေ တိုင်းရင်းသာလူမျိုးများ၊ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (UNDRIP) ပါ ပြဋ္ဌာန်းချက်များကိုလည်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရအသီးသီးက လေးစား လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့်။

## ၂။ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု (Human Rights and Gender Equality)

နိုင်ငံတစ်နိုင်ငံတွင် သက်ဆိုင်ရာ အစိုးရအဆင့်ဆင့်သည် နိုင်ငံနယ်နမိတ်အတွင်း နေထိုင်ကြသည့် လူသားတိုင်းနှင့်ပတ်သက်သည့် နိုင်ငံတကာမှ လက်ခံထားသော လူအခွင့်အရေး စံချိန်စံနှုန်းများကို ကာကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် အဓိကတာဝန်ရှိသည်။

လူမျိုး၊ ဘာသာရေးအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့ကို ကာကွယ် ပြဋ္ဌာန်းပေးရမည်။

### (က) အခြေခံလူ့အခွင့်အရေး

(၁) ပြည်ထောင်စုနိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝ ခံစားခွင့် ရှိစေရမည်။

(၂) နိုင်ငံသားတိုင်း၏ မွေးရာပါ ရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့် အခြေအနေတွင်မဆို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ရုပ်သိမ်းခြင်းမရှိစေရ။

(၃) ပြည်ထောင်စုနှင့် ပြည်နယ်မှ မဏ္ဍိုင်ကြီး (၃) ရပ်သည် ပြည်သူလူထု တစ်ဦးချင်းစီ၏ ရပိုင်ခွင့်များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်းပေးရမည်။

(၄) လူ့ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးများဖြစ်သည့် နိုင်ငံသား အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ပြဋ္ဌာန်းပေးရမည်။

### (ခ) ကျား/မဆိုင်ရာ တန်းတူညီမျှမှု

(၁) ကျား/မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသည့် ခွဲခြားဆက်ဆံမှုများအား လုံးဝ ပိတ်ပင်ဟန့်တားထားရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မိသားစု အစရှိသည့် ကဏ္ဍနယ်ပယ်အသီးသီး၌ ကျား-မ တန်းတူ အခွင့်အရေး ရှိစေရမည်။

(၃) ကျား-မ တန်းတူညီမျှမှု ဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ အဆင့်ဆင့်သော ဥပဒေပြုရေးကဏ္ဍတွင် အမျိုးသမီး အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်စေရန် စီမံဆောင်ရွက်ရမည်။